Diploma Programme
Programme du diplôme
Programa del Diploma

# Burmese A: literature – Standard level – Paper 1
# Birman A : littérature – Niveau moyen – Épreuve 1
# Birmano A: literatura – Nivel medio – Prueba 1

Friday 8 May 2015 (afternoon)
Vendredi 8 mai 2015 (après-midi)
Viernes 8 de mayo de 2015 (tarde)

1 hour 30 minutes / 1 heure 30 minutes / 1 hora 30 minutos

---

### Instructions to candidates

- Do not open this examination paper until instructed to do so.
- Write a guided literary analysis on one passage only. In your answer you must address both of the guiding questions provided.
- The maximum mark for this examination paper is **[20 marks]**.

### Instructions destinées aux candidats

- N'ouvrez pas cette épreuve avant d'y être autorisé(e).
- Rédigez une analyse littéraire dirigée d'un seul des passages. Les deux questions d'orientation fournies doivent être traitées dans votre réponse.
- Le nombre maximum de points pour cette épreuve d'examen est de **[20 points]**.

### Instrucciones para los alumnos

- No abra esta prueba hasta que se lo autoricen.
- Escriba un análisis literario guiado sobre un solo pasaje. Debe abordar las dos preguntas de orientación en su respuesta.
- La puntuación máxima para esta prueba de examen es **[20 puntos]**.

2215 – 0519



© International Baccalaureate Organization 2015

International Baccalaureate
Baccalauréat International
Bachillerato Internacional

https://xtremepape.rs/

လမ်းညွှန်ပေးထားသည့်မေးခွန်းများအပေါ် အခြေခံပြီး အောက်ပါတို့အနက်မှ **တစ်ခု**အပေါ် စာပေသုံးသပ်ချက် ရေးပါ။ သင့်အဖြေမှာ ပေးထားသည့်လမ်းညွှန် မေးခွန်းနှစ်ခုစလုံးကို ထည့်သွင်းဖြေဆိုထားရပါမည်။

**1.**

ညတုန်းက ပိန်ပိန်သေးသေး ထောင်မှူးလေးက ကျွန်တော့်အား စကားပြောခွင့်မရှိကြောင်း၊ တစ်ခန်းနှင့် တစ်ခန်း လှမ်းပြီး အော်ပြော၍ မဖြစ်နိုင်ကြောင်း၊ ဝန်ထမ်းများကိုလည်း စကားမပြောရန် တင်းကျပ်စွာ တားမြစ်ထားကြောင်း မိန့်မှာကြား သွားလေရာ ကျွန်တော့်မှာ အတော်ပင် အကျပ်ရိုက်သွားတော့၏။ သောကြာသားဖြစ်သော မိမိအဖို့မှာ ထမင်းမစားလျှင်သာ နေနိုင်မည်။ စကားမပြောရလျှင် မနေနိုင်ဖြစ်ရကာ အကြောင်းတစ်ခုခု ရမယ်ရှာပြီး ပြောနေရမှ ကျေနပ်သူဖြစ်လေရာ ဤနေရာမှာ တစ်ယောက်တည်းနေပြီး စကားလည်းမပြောရပြန်ဆိုတော့ ဘယ်လိုဟာကြီးပါလိမ့်ဟု တွေးမိနေပြန်၏။

သို့သော်လည်း မကြာမီမှာပင် ကျွန်တော့်အခန်းရှေ့ရှိ မုန်လာစိုက်ခင်းသို့ ထောင်ကျများ အလုပ်ဆင်းလာကြလေသည်။ သည်ပုဂ္ဂိုလ်များကို စကားပြောရပေအံ့ဟု ဆုံးဖြတ်ကာ “ရွှတ်ရွှတ်ရွှတ်” ဟူ၍တစ်နည်း “ကစ်ကစ်ကစ်” ဟူ၍တစ်ဖုံ “ရှီရှီရှီ” ဟူ၍ လေချွန်ကာတစ်မျိုး အမျိုးမျိုး ခေါ်သော်လည်း ထိုသူတို့ကပင် နားလေး၍လား (သို့တည်းမဟုတ်) ကျွန်တော့်အသံကပင် တိုး၍လားမသိ၊ ဆက်သွယ်မရနိုင်ဖြစ်နေတော့၏။ သို့ဖြင့် သူတို့နှင့် မျက်လုံးချင်းဆုံခွင့်ရရန် ကြိုးစားရပြန်လေရာ ထို ပုဂ္ဂိုလ်များသည် ကျွန်တော့်ကို ကြည့်မိလျှင်ပင် သေဒဏ်ပေးခံရမည့်အလား မျက်မွေးထော် လော်လို့မှ မကြည့်လေတော့ရာ ကျွန်တော့်မှာ မိမိ၏အစီအစဉ်ကို လက်မြှောက်အရှုံးပေးလိုက်ရတော့သည်။

သည်တော့ စကားပြောဖော်ရှာရပြန်တော့၏။ ဟော . . . တွေ့ပါပြီကော။ အခြားတစ်ပါးတော့ ဟုတ်ပါရိုးလား။ အခန်းရှေ့မှာ အစာလာစားကြသော စာကလေးများနှင့် စီတန်းချီတက်နေကြသော ပုရွက်ဆိတ်များပင်တည်း။ ကိုယ့်ကို ပြန်ပြောသည်ဖြစ်စေ၊ ပြန်မပြောသည်ဖြစ်စေ . . . အဖက်လုပ်လုပ် မလုပ်လုပ် ကိုယ့်တာဝန်အရ ပြောရမည်သာပင်။

သို့သော်လည်း ကျွန်တော့်အား မြန်မာစကားပြောမေ့မသွားစေရန် လေ့ကျင့်ပေးသူများက အလိုအလျောက် ပေါ်လာကြပေသည်။ ပထမဆုံးရောက်လာသူများကတော့ ထောင်မှတ်ပုံတင်စာရင်း လာရောက်ရေးသွင်းသူများပင်။ လမ်းခင်းကျောက်ပြားအရွယ်ခန့်ရှိသော စာအုပ်ထူကြီးကိုကိုင်ပြီး ဝန်ထမ်းသုံးဦးသည် မျက်နှာစာအခန်းတွင်းသို့ ဝင်ရောက်လာကြလေသည်။ သည့်နောက်မှာတော့ စာအုပ်ကြီးကို ကြမ်းပြင်ပေါ်မှာချရင်း အမည်၊ အဘအမည်၊ အသက် စသည်ဖြင့် တစ်ခုပြီးတစ်ခု မေးမြန်းကာ ရေးသွင်းနေကြပါတော့သည်။ ကျွန်တော်ကတော့ စကားပြောဖော်ရပြီဟု ဝမ်းသာလုံးဆို့ပြီး လိုအပ်သည်ထက်ပင် ပို၍ ဝေဝေဆာဆာကြီး အဖြေပေးနေမိတော့၏။ ပြဿနာ စတက်သည်ကတော့ “ကိုယ်တွင် ထင်ရှားသည့် အမှတ်အသား” ဆိုသောအချက်၌ပင်ဖြစ်လေသည်။

“ကိုဇာဂနာ ကိုယ်မှာထင်ရှားသည့် အမှတ်အသား ဘာရှိသလဲ”

“မှတ်ပုံတင်ထဲမှာတော့ မေးစေ့အောက်မှာ အမာရွတ်ရှိတယ်လို့ ပါတာပဲ၊ ခုတော့ မုတ်ဆိတ်မွေးတွေ ဖုံးနေလို့ မမြင်သာဘူးပေါ့လေ”

“ဒီပြင်ဟာကော ဘာရှိသေးသလဲ”

အပြေးအလွှားစဉ်းစားလိုက်မိ၏။ ကိုယ်လုံးပေါ်မှန်ရှိလျှင်လည်း ကောင်းသား။ ကိုယ့်ခန္ဓာကိုယ်မှာ ဘာအမှတ်အသား ရှိလို့ရှိမှန်းမသိပြန်လျှင်လည်း ရှက်စရာ။ ထိုစဉ် မတ်တတ်ရပ်နေသော ဝန်ထမ်းတစ်ဦးက . . .

“ဒီရင်ဘတ်က မှဲ့ကို ရေးလိုက်ရင်ရတာပဲ” ဟု ဆိုလာသောအခါ . . .

နောက်တစ်ဦးက “ဟာ . . . ဒါဆို လက်မောင်းက မှဲ့က ပိုထင်ရှားတာပဲ၊ ဒီဟာရေးမှာပေါ့” ဟု ဝင်၍အကြံပေးပြန်လေသည်။

သို့ဖြင့် အနှီ ပုဂ္ဂိုလ်နှစ်ဦးတို့သည် ဒီဟာက ပိုသိသာတယ်။ ဟိုမှဲ့က ပိုထင်ရှားတယ်။ ဘာပြုတယ်။ ညာပြုတယ်နှင့် ငြင်းခုံကြပါလေတော့၏။ ကျွန်တော်သည်လည်း မနေသာတော့ဘဲ စကားစဝင်ဖြတ်ရတော့သည်။

“ခဏဗျာ . . . ကျွန်တော်တစ်ခုတော့ ပြောချင်လို့ . . .။ ထင်ရှားသည့်အမှတ်အသားဆိုတာက ကြည့်လိုက်တာနဲ့ ထင်းခနဲ မြင်နေမှမဟုတ်လား။ အခု ကျွန်တော်ါက အင်္ကျီချွတ်ပြီး နေမှာမှ မဟုတ်တာ။ မှဲ့ကို ရေးချင်တယ်ဆိုရင်တော့ ဒီပါးပေါ်က မှဲ့က ပိုထင်းမှာပေါ့ ဟုတ်ဘူးလား။”

သို့မှပင် ကိစ္စက ပြတ်သွားတော့သည်။ ကျွန်တော်၏ ထောင်ဝင်မှတ်တမ်းစာအုပ်တစ်ခုမှာတော့ “ကိုယ်တွင်ထင်ရှားသည့် အမှတ်အသား၊ လက်ယာပါးပေါ်တွင် မှဲ့နက်မွှေးပါ တစ်” ဟူ၍ဖြစ်သွားလေတော့သည်။

ဒုတိယတစ်ခေါက် စကားပြော လာရောက်လေ့ကျင့်ပေးသူကား နံနက်စာ စားအပြီးတွင် ကျွန်တော့်အခန်းရှေ့သို့ ရောက်လာပါသည်။ ထမင်းစားပြီး အတော်အတန် ဗိုက်ပြည့်သွားသဖြင့် အခန်းထဲတွင် အစာကြေ လမ်းလျှောက်နေစဉ် အခန်းဝ၌ လူရိပ်တွေ့သဖြင့် မော့ကြည့်လိုက်ရာ အပွင့်အခက်များနှင့် အလှဆင်ထားသော ယူနီဖောင်းကို ဆင်မြန်းထားသည့် လူ ပုဂ္ဂိုလ်တစ်ဦးကို တွေ့လိုက်ရတော့၏။

ထိုပုဂ္ဂိုလ်ကြီးသည် ခင်မင်နှစ်လိုဖွယ်ရာ ပြုံးပြပြီးနောက် မျက်နှာစာခန်းတွင်းသို့ ဝင်ရောက်လာလေသည်။ သူ၏နောက်မှ အခြား ယူနီဖောင်းဝတ် ပုဂ္ဂိုလ်အများအပြားလည်း လိုက်ပါလာလေရာ ဤပုဂ္ဂိုလ်ကြီးသည်ကား ခေသူတစ်ဦး မဟုတ်ပါလားဟု တွေးမိနေပါသည်။

“ဘယ်လိုလဲ ကိုဇာဂနာ။ နေထိုင်ကောင်းရဲ့လား။”

“ဟုတ်ကဲ့”

“သိနေတယ်လေ။ ခင်ဗျားနေကောင်းမယ်ဆိုတာ သိနေတယ်လေ”

https://xtremepape.rs/

ကျွန်တော်၏ရုပ်မြင်သံကြားမှ ပြက်လုံးကိုပြောပြီး ထိုပုဂ္ဂိုလ်ကြီးသည် တဝါးဝါး တဟားဟားဖြင့် ရယ်ပါလေတော့သည်။ အနီးအနားမှ ပုဂ္ဂိုလ်များကလည်း ဟီးဟီး ဟားဟားနှင့် ရယ်ကြလေသည်။ ကျွန်တော့်မှာတော့ ရယ်ရမလိုလို၊ ငိုရမလိုလိုနဲ့ အူကြောင်ကြောင်ဖြစ်နေလေတော့၏။ သို့သော်လည်း မျက်နှာစာခန်းရှိ သစ်သားတံခါးကို မှီရပ်နေသော တပ်ကြပ်ကြီးကို မြင်လိုက်ရသည့်အခါမှတော့ မရယ်ဘဲ မနေနိုင်အောင် ဖြစ်သွားရတော့သည်။

ထိုတပ်ကြပ်ကြီးသည် တောင်ငေးမြောက်ငေးနေရာမှ သူ့အထက်အရာရှိများ တဝါးဝါး တဟားဟားဖြင့် ရယ်နေသံကို ကြားရသည့်အခါ အိပ်မက်မှ လန့်နိုးလာသည့် လူတစ်ဦးနှယ် ကျီးကြည့်ကြောင်ကြည့်လုပ်နေပြီးမှ ရောကောသောကောဖြင့် ဟီးဟီးဟားဟား ထလုပ်တော့ရာ ကျွန်တော့်မှာ ထိုတပ်ကြပ်ကြီးအားကြည့်ပြီး မပြုံးဘဲဝါးလုံးကွဲ ရယ်မိပါတော့သည်။ သည့်နောက် ကျွန်တော့်ရှေ့မှ ပုဂ္ဂိုလ်ကြီးက စကားစပါတော့သည်။

"ကျွန်တော်က အင်းစိန်ထောင် ထောင်ပိုင်ကြီး ဦးစိန်ဒွေးပါ"

ဩော်ဦးစိန်ဒွေး၊ ဦးစိန်ဒွေး။ ဘီဘီစီကပင် ထုတ်လွှင့်ရသောထောင်ပိုင်ကြီးပါကလား။ ကျွန်တော့်စိတ်ကူးထဲမှာ မှန်းပြီး ပုံဆွဲထားသော ဦးစိန်ဒွေးနှင့် ကျွန်တော့်မျက်စိရှေ့မှ ဦးစိန်ဒွေးသည် လားလားကြီးခြားနားနေပေသည်။ ကျွန်တော့်ရှေ့မှ ဦးစိန်ဒွေးသည် အသားဖြူဖြူ ခပ်သွယ်သွယ် ငယ်စဉ်တုန်းက ကြည့်လို့ကောင်းခဲ့မည့် သဏ္ဌာန်ရှိ၏။ ရယ်လိုက်လျှင် ပေါ်လာသော သွားကျိုးလေးမှတစ်ပါး သူ၏မျက်နှာသည် ရှိရင်းစွဲအသက်ထက်ပင် နုပျိုလွန်းနေသည်။

"ဒီရောက်တုန်းရောက်ခိုက် ဘာမှစိတ်အနှောင့်အယှက်မဖြစ်စေချင်ဘူးဗျာ။ ကိုဇာဂနာတို့ စိတ်ချမ်းသာ ကိုယ်ချမ်းသာပဲ ရှိနေစေချင်တယ်။

"ဗျာ"

မြတ်စွာဘုရား။ ထောင်ဆိုတာ ကိုယ်ပိုင်အိမ်မှ မဟုတ်တာ။ အလှူအိမ်မှ မဟုတ်တာ။ တစ်အိမ့်တစ်အိမ် ကူးလူးဆက်ဆံ လည်ပတ်သလိုမျိုး ရောက်လာတာမှ မဟုတ်တာ။ ကျွန်တော်၏ အတွင်းစိတ်အပြောင်းအလဲကို ထောင်ပိုင်ကြီးသည် ရိပ်မိသွားသည် ထင်၏။

"ကျွန်တော်ဆိုလိုတာက ဒီလိုပါ။ ခင်ဗျားတို့ကို ဖမ်းတာရော၊ လွှတ်တာရော၊ ကျွန်တော်တို့ အကျဉ်းထောင်နဲ့ ဘာမှ မဆိုင်ပါဘူး။ ကျွန်တော်တို့တာဝန်က ဒီမှာ ခင်ဗျားတို့ရှိနေသခိုက် တတ်နိုင်သမျှ ကူညီစောင့်ရှောက် ပြုစုပေးဖို့ပါပဲ။ ခင်ဗျားတို့ကို ထောင်ထဲမှာ လက်ဖျားနဲ့မှ မတို့စေရပါဘူး။ ထောင်ထဲမှာ နှိပ်စက်တယ်၊ ရိုက်နှက်တယ်ဆိုတာ လုံးဝမဟုတ်ပါဘူးဗျာ။ ကျွန်တော့်ဆီမှာလည်း သားတွေသမီးတွေနဲ့ပါဗျာ။ လုံးဝမဟုတ်ရပါဘူးဗျာ။"

ထောင်ပိုင်ကြီးသည် ကျွန်တော့်အားပုဏ္ဏားတိုင်လိုများ သဘောထားပြီးများ ရင်ဖွင့်နေသည်လားမသိ။ ကျွန်တော်ကတော့ သူပြောသမျှကိုသာ ခေါင်းညိတ်၊ ခေါင်းခါလိုက်၊ အင်းလုပ်လိုက်၊ အဲလုပ်လိုက်ဖြင့် ရေလိုက်ငါးလိုက် လုပ်နေရတော့သည်။ ထောင်ပိုင်ကြီးမှာလည်း စကားအများကြီး ပြောလိုက်ရသောကြောင့်ထင်ပါ့ သက်ပြင်းတစ်ချက် မှုတ်ထုတ်ရင်း

"ကိုဇာဂနာ လိုတာပြောပါ" ဟူ၍ မေးပါလေတော့သည်။

"အထွေအထူးတော့ မရှိပါဘူး။ စာအုပ်ကလေး ဘာလေးဖတ်ချင်လို့ ရမလားလို့"

"ကျွန်တော်တင်ပြပေးပါမယ်။ တင်ပြပေးပါမယ်"

သည်နောက်မှာတော့ ကျွန်တော့်ကို နှုတ်ဆက်ပြီးထောင်ပိုင်ကြီးနှင့်အဖွဲ့သည် ပြန်လည်ထွက်ခွာသားလေတော့သည်။

ဇာဂနာ၊ *ပထမ* (၂၀၁၂)

(က) ဤစာပိုဒ်မှ အဓိကဇာတ်ကောင်နှင့် ၎င်း၏ ခံစားချက်များအား တင်ဆက်ထားပုံကိုဆွေးနွေးပါ။

(ခ) စာပိုဒ်ပါအဓိကပြဿနာအခြေအနေများကို စာရေးဆရာက ထုတ်ဖော်ထားပုံများကို ဆွေးနွေးပါ။



https://xtremepape.rs/

**2.**

## အထက်တန်းကျတဲ့ရေ

အဲသည်လိုနဲ့
လွတ်လပ်ရေးကဗျာအတွက်
မြေကွက်တစ်ကွက် ထွန်ယက်ပြီးခဲ့ပြီ။

ရန်သူမဲ့ဘဝမှာလည်း
ငါကျွန်တော် မပျော်တတ်တော့ပါ။
ချစ်သူမဲ့ဘဝမှာလည်း
ငါကျွန်တော် မနေတတ်တော့ပါ။
ပိုလျှံသောရေ
ပရိတ်န်းအစအနအလေအလွင့်
စံလွန်ဖိအား အဆင့်ဆင့်ဖြင့်
ငါ့အသက်ရှူပွင့်များ
ကောင်းမွန် ခိုင်မာစွာပင်
ရင်မောခဲ့ပြီ။

အဲသည်လိုနဲ့
လူ့ဘဝကို ယုဇနပင်လေးမှာ အသာချိတ်

ဒူးယားတစ်လိပ်နဲ့လည်း
အိပ်ပျော်တတ်ခဲ့ပြီ။
အဲသည်လိုနဲ့
ဘဝရဲ့ဝန်ဆောင်အား
လောကကြီးကို
ဥယျာဉ်အသွင် တင်ဆောင်သွားနိုင်ပြီ။

အဲသည်လိုနဲ့
အလိုမပြည့်မှုကို
ငါ အလိုရှိခဲ့ပြီ။

အဲသည်လိုနဲ့
နာကျင်မှုတွေလည်း အရသာဖြစ်ခဲ့ပေါ့။

အချစ်ရေ
ကန်ရေကို ငုံ့ကိုင်းနေတဲ့
ကံ့ကော်ကိုင်းတစ်ကိုင်းလို နေတတ်ခဲ့ပြီ။

အဲသည်လိုနဲ့
ချိုပေါ့ကျ လက်ဖက်ရည်တစ်ခွက်လို
အသက်ရှင်တတ်ခဲ့ပြီ။

အဲသည်လိုနဲ့
ဘဝရဲ့ ဒဏ်ခံအား
ဂုဏ်သတ္တိတွေ မြင့်မားခဲ့ပြီ။

https://xtremepape.rs/

အဲသည်လိုနဲ့
စံပယ်တစ်ပွင့်လို
တကယ်ပွင့်မယ်ဆိုရင်
တင့်တယ်စွာ ပွင့်နိုင်ခဲ့ပြီ။
အဲသည်လိုနဲ့
အရသာချဉ်စူးစူး
ဆူးဖက်သော်လည်း ခူးရက်စရာမမြင်တဲ့
ဆူးပင်တစ်ပင်လို
ယဉ်ကျေးစွာ ငေါ်နေတတ်ခဲ့ပြီ။

အို . . .
ငါအိပ်ခဲ့သော အိပ်မက်တို့
ငါရိပ်ခဲ့သော အရိပ်တို့
ငါမျှားသော ငါးကို ငါစားခဲ့ရချေပြီ။

အဲသည်လိုနဲ့
ကြိုသမျှ ဖုန်မထတော့ပါ။

ဘဝကို အရသာ တစိမ့်စိမ့်ခံ
ပင်လယ်စင်ရော်တွေလို
ပျော်ရွှင်စွာ ပျံဝဲနိုင်ခဲ့ပြီ။

အဲသည်လိုနဲ့
အသက်သုံးဆယ့်တစ်ဆိုတဲ့ ခွက်တစ်ခုမှာ
လှုနယ်ပယ်ရဲ့ ထုထည်တွေ
ကယ်လိုရီတွေ ဖြစ်ခဲ့ပြီ။
ရေထု မြေထု လေထုနှင့် သေမှုတွေကြား
မယားနဲ့တရား ဆားခပ်လို့ စားတော့မယ်
နေမှုက
ပါးလှပ်ထူထပ် လှပလှချည်ရဲ့
ငါ တပ်မက်ခဲ့ချေပြီ။

မောင်ချောနွယ်၊ ရထား (၁၉၈၈)

(က) ကဗျာဆရာမှ ကဗျာ၏ အဓိကအကြောင်းအရာများကို တင်ပြထားပုံကို ဝေဖန်ဆွေးနွေးပါ။

(ခ) ဤကဗျာတွင် ဘာသာစကားနှင့် ပုံရိပ်များကို အသုံးပြုထားပုံနှင့် ၎င်းတို့မှ ကဗျာတစ်ပုဒ်လုံးအား သင်နားလည်ရန် အထောက်အကူပြုပုံကို ဆွေးနွေးပါ။

https://xtremepape.rs/